# ၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ(၆)လ

# မန္တလေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်း

# ဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၂ |
| ၃ | အခန်း(၂) စီမံကိန်းရည်မှန်းချက်များ | ၃ | ၄ |
| ၄ | အခန်း(၃) အထွေထွေ | ၄ | ၅ |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ

## မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ

## (၂၀၁၈ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

## ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

## (၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်)

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၁၈ ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ(၆)လ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအတွက်၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂၊ ဤဥပဒေသည် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ တိုင်းဒေသကြီး အတိုင်းအတာအရ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏

ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတို ၅ နှစ် စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။

(ဃ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍအလိုက် မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု အကောင်အထည် ဖော်ရန် ရည်မှန်းလျာထားသည့် အချက်အလက်များ ဖြစ်သည်။

(င) **ဖလစီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ ၂၀၁၇ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ အကောင်အထည် ဖော်နိုင်မှုအပေါ်အခြေခံ၍ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလ အတွင်း ဆောင်ရွက်မည့် စီမံကိန်းရည်မှန်းချက်များဖြစ်သည်။

(စ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဇ) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး** ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄)ကဏ္ဍကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ)ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

(ည) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီး ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့်ဌာနများ၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ (၈.၆) ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် (၄.၄) ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် (၃.၂) ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် (၂၂.၁) ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် (၃.၇) ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းများကဏ္ဍတွင် (၂၃.၄) ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် (၉.၅) ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် (၂၀.၉) ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် (၁၅.၁) ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် (၇.၆) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် (၁၁.၆) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် (၉.၆) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် (၃.၃) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် (၁၀.၈) ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် (၇.၉) ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) ခရိုင်အလိုက် တိုးတက်မှုနှုန်းမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) မန္တလေးခရိုင်တွင် (၁၀.၀) ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ပြင်ဦးလွင်ခရိုင်တွင် (၉.၆) ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကျောက်ဆည်ခရိုင်တွင် (၃.၇) ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) မိတ္ထီလာခရိုင်တွင် (၇.၈) ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) မြင်းခြံခရိုင်တွင် (၁၆.၅) ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) ရမည်းသင်းခရိုင်တွင် (၁၁.၇) ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ညောင်ဦးခရိုင်တွင် (၅.၃) ရာခိုင်နှုန်း လျော့နည်းရန်၊

(ဃ) တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို **(၁၆.၉)** ရာခိုင်နှုန်းမှ **(၁၆.၁)** ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို **(၃၃.၇)** ရာခိုင်နှုန်းမှ **(၃၅.၃)** ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို **(၄၉.၄)** ရာခိုင်နှုန်းမှ **(၄၈.၆)** ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ငွေလုံးငွေရင်းကျပ် **(၉၄.၉၅၁)** ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

## အခန်း (၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက် ဒေသအလိုက်၊ လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့အပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် ဒေသန္တရဖွံ့ဖြိုး တိုးတက်ရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေး ထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ)ဒေါက်တာဇော်မြင့်မောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပူးတွဲ(၁)

## မန္တလေးတိုင်းဒေသကြီး၏
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ | | | ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ စီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၄၄၃၂၆၆.၄** | **၁၇.၄** | **၂၀.၀** | **၄၆၀၉၂၅.၄** | **၁၆.၆** | **၄.၀** |
| | ၁ | လယ်ယာ | ၃၁၈၀၆၈.၁ | ၁၂.၅ | ၂၈.၆ | ၃၃၁၉၃၁.၃ | ၁၂.၀ | ၄.၄ |
| | ၂ | သားငါး | ၁၂၄၁၇၉.၈ | ၄.၉ | ၂.၇ | ၁၂၈၂၀၀.၄ | ၄.၆ | ၃.၂ |
| | ၃ | သစ်တော | ၁၀၁၈.၅ | ၀.၀၄ | (-)၈.၄ | ၇၉၃.၇ | ၀.၀၃ | -၂၂.၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၇၇၀၄၇၅.၂** | **၃၀.၄** | **၇.၀** | **၈၆၁၁၈၉.၅** | **၃၁.၃** | **၁၁.၈** |
| | ၁ | စွမ်းအင် | ၁၆၇.၃ | ၀.၀၁ | ၁၅.၇ | ၁၇၃.၅ | ၀.၀၁ | ၃.၇ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၂၃၉၀၅.၅ | ၁.၀ | (-)၀.၂ | ၂၉၅၀၆.၃ | ၁.၁ | ၂၃.၄ |
| | ၃ | စက်မှုလက်မှု | ၅၅၈၂၉၀.၀ | ၂၂.၀ | ၈.၄ | ၆၁၁၃၁၉.၁ | ၂၂.၂ | ၉.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၃၉၄၆.၉ | ၂.၅ | ၆.၈ | ၇၇၃၃၅.၂ | ၂.၈ | ၂၀.၉ |
| | ၅ | ဆောက်လုပ်မှု | ၁၂၄၁၆၅.၅ | ၄.၉ | ၂.၃ | ၁၄၂၈၅၅.၄ | ၅.၂ | ၁၅.၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၃၂၆၀၆၆.၄** | **၅၂.၂** | **၇.၉** | **၁၄၃၆၆၂၈.၉** | **၅၂.၁** | **၈.၃** |
| | ၁ | ပို့ဆောင်ရေး | ၅၈၅၂၉၃.၉ | ၂၃.၀ | ၇.၅ | ၆၂၉၅၈၉.၄ | ၂၂.၈ | ၇.၆ |
| | ၂ | ဆက်သွယ်ရေး | ၂၀၆၀၃၀.၈ | ၈.၁ | ၈.၀ | ၂၃၀၀၁၇.၆ | ၈.၃ | ၁၁.၆ |
| | ၃ | ငွေရေးကြေးရေး | ၁၉၆၄၈.၀ | ၀.၈ | ၃၆.၅ | ၂၁၅၄၀.၅ | ၀.၈ | ၉.၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၅၁၉၈၄.၉ | ၂.၁ | ၆.၃ | ၅၃၇၁၆.၂ | ၂.၀ | ၃.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၇၀၇၅၄.၇ | ၂.၈ | ၇.၆ | ၇၈၄၁၅.၁ | ၂.၈ | ၁၀.၈ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၃၉၂၃၅၄.၁ | ၁၅.၄ | ၇.၈ | ၄၂၃၃၅၀.၁ | ၁၅.၄ | ၇.၉ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၂၅၃၉၈၀၈.၀** | **၁၀၀.၀** | **၉.၆** | **၂၇၅၈၇၄၃.၈** | **၁၀၀.၀** | **၈.၆** |

ပူးတွဲ(၂)

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း**

**ကဏ္ဍကြီးအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ | | | ၂၀၁၈ ခုနှစ် ( ဧပြီလမှ စက်တင်ဘာလအထိ) (၆) လစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၂၁၃၇၄၁.၆** | **၄၇.၈** | **၁၁.၄** | **၁၃၂၂၁၁၄.၉** | **၄၇.၉** | **၈.၉** |
| | ၁ | လယ်ယာ | ၃၁၈၀၆၈.၁ | ၁၂.၅ | ၂၈.၆ | ၃၃၁၉၃၁.၃ | ၁၂.၀ | ၄.၄ |
| | ၂ | သားငါး | ၁၂၄၁၇၉.၈ | ၄.၉ | ၂.၇ | ၁၂၈၂၀၀.၄ | ၄.၆ | ၃.၂ |
| | ၃ | သစ်တော | ၁၀၁၈.၅ | ၀.၀၄ | (-)၈.၄ | ၇၉၃.၇ | ၀.၀၃ | -၂၂.၁ |
| | ၄ | စွမ်းအင် | ၁၆၇.၃ | ၀.၀၁ | ၁၅.၇ | ၁၇၃.၅ | ၀.၀၁ | ၃.၇ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၂၃၉၀၅.၅ | ၁.၀ | (-)၀.၂ | ၂၉၅၀၆.၃ | ၁.၁ | ၂၃.၄ |
| | ၆ | စက်မှုလက်မှု | ၅၅၈၂၉၀ | ၂၂.၀ | ၈.၄ | ၆၁၁၃၁၉.၁ | ၂၂.၂ | ၉.၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၃၉၄၆.၉ | ၂.၅ | ၆.၈ | ၇၇၃၃၅.၂ | ၂.၈ | ၂၀.၉ |
| | ၈ | ဆောက်လုပ်မှု | ၁၂၄၁၆၅.၅ | ၄.၉ | ၂.၃ | ၁၄၂၈၅၅.၄ | ၅.၂ | ၁၅.၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၉၃၃၇၁၂.၃** | **၃၆.၈** | **၈.၀** | **၁၀၁၃၂၇၈.၈** | **၃၆.၇** | **၈.၅** |
| | ၁ | ပို့ဆောင်ရေး | ၅၈၅၂၉၃.၉ | ၂၃.၀ | ၇.၅ | ၆၂၉၅၈၉.၄ | ၂၂.၈ | ၇.၆ |
| | ၂ | ဆက်သွယ်ရေး | ၂၀၆၀၃၀.၈ | ၈.၁ | ၈.၀ | ၂၃၀၀၁၇.၆ | ၈.၃ | ၁၁.၆ |
| | ၃ | ငွေရေးကြေးရေး | ၁၉၆၄၈.၀ | ၀.၈ | ၃၆.၅ | ၂၁၅၄၀.၅ | ၀.၈ | ၉.၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၅၁၉၈၄.၉ | ၂.၁ | ၆.၃ | ၅၃၇၁၆.၂ | ၂.၀ | ၃.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၇၀၇၅၄.၇ | ၂.၈ | ၇.၆ | ၇၈၄၁၅.၁ | ၂.၈ | ၁၀.၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၃၉၂၃၅၄.၁** | **၁၅.၄** | **၇.၈** | **၄၂၃၃၅၀.၁** | **၁၅.၄** | **၇.၉** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၂၅၃၉၈၀၈.၀** | **၁၀၀.၀** | **၉.၆** | **၂၇၅၈၇၄၃.၈** | **၁၀၀.၀** | **၈.၆** |

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း**

**ခရိုင်အလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ခရိုင် | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် ( ဧပြီလမှ စက်တင်ဘာလအထိ) (၆) လစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | မန္တလေးခရိုင် | ၁၁၆၇၉၇၀.၄ | ၄၆.၀ | ၆.၂ | ၁၂၈၅၀၈၇.၇ | ၄၆.၆ | ၁၀.၀ |
| ၂ | ပြင်ဦးလွင်ခရိုင် | ၁၉၇၀၆၀.၈ | ၇.၈ | ၆.၃ | ၂၁၅၉၂၁.၂ | ၇.၈ | ၉.၆ |
| ၃ | ကျောက်ဆည်ခရိုင် | ၂၉၀၄၁၆.၉ | ၁၁.၄ | ၀.၈ | ၃၀၁၂၆၀.၆ | ၁၀.၉ | ၃.၇ |
| ၄ | မိတ္ထီလာခရိုင် | ၂၉၅၆၈၂.၆ | ၁၁.၆ | ၉.၄ | ၃၁၈၆၈၁.၂ | ၁၁.၆ | ၇.၈ |
| ၅ | မြင်းခြံခရိုင် | ၂၆၇၆၃၄.၇ | ၁၀.၅ | ၁၀.၉ | ၃၁၁၈၄၃.၈ | ၁၁.၃ | ၁၆.၅ |
| ၆ | ရမည်းသင်းခရိုင် | ၁၂၉၂၂၄.၁ | ၅.၁ | ၁၅.၈ | ၁၄၄၃၁၉.၈ | ၅.၂ | ၁၁.၇ |
| ၇ | ညောင်ဦးခရိုင် | ၁၉၁၈၁၈.၅ | ၇.၆ | ၅၈.၀ | ၁၈၁၆၂၉.၅ | ၆.၆ | -၅.၃ |
| ၈ | **တိုင်းဒေသကြီးချုပ်** | **၂၅၃၉၈၀၈.၀** | **၁၀၀.၀** | **၉.၆** | **၂၇၅၈၇၄၃.၈** | **၁၀၀.၀** | **၈.၆** |

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း**

**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ | | | ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၅၄၃၈၄၆.၃** | **၁၆.၉** | **၂၄.၃** | **၅၈၅၆၉၃.၀** | **၁၆.၁** | **၇.၇** |
| | ၁ | လယ်ယာ | ၃၈၃၄၂၅.၂ | ၁၁.၉ | ၃၂.၃ | ၄၁၅၀၈၅.၅ | ၁၁.၄ | ၈.၃ |
| | ၂ | သားငါး | ၁၅၉၀၄၆.၇ | ၅.၀ | ၈.၅ | ၁၆၉၆၄၉.၀ | ၄.၇ | ၆.၇ |
| | ၃ | သစ်တော | ၁၃၇၄.၄ | ၀.၀၄ | ၄.၉ | ၉၅၈.၅ | ၀.၀၃ | -၃၀.၃ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၀၈၄၀၂၁.၃** | **၃၃.၇** | **၁၅.၄** | **၁၂၈၆၅၃၆.၁** | **၃၅.၃** | **၁၈.၇** |
| | ၁ | စွမ်းအင် | ၁၀၉.၄ | ၀.၀၀၃ | ၁၅.၈ | ၁၁၃.၄ | ၀.၀၀၃ | ၃.၇ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၄၃၈၉၀.၈ | ၁.၄ | ၃၅.၅ | ၅၇၇၈၀.၃ | ၁.၆ | ၃၁.၆ |
| | ၃ | စက်မှုလက်မှု | ၇၅၂၉၅၃.၉ | ၂၃.၄ | ၁၇.၆ | ၈၇၆၃၄၄.၀ | ၂၄.၁ | ၁၆.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၀၀၀၆၇.၄ | ၃.၁ | ၈.၉ | ၁၂၁၄၄၅.၈ | ၃.၃ | ၂၁.၄ |
| | ၅ | ဆောက်လုပ်မှု | ၁၈၆၉၉၉.၈ | ၅.၈ | ၇.၀ | ၂၃၀၈၅၂.၆ | ၆.၃ | ၂၃.၅ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၅၈၆၂၅၆.၁** | **၄၉.၄** | **၁၁.၀** | **၁၇၇၁၆၁၉.၇** | **၄၈.၆** | **၁၁.၇** |
| | ၁ | ပို့ဆောင်ရေး | ၆၈၅၆၉၇.၈ | ၂၁.၃ | ၉.၇ | ၇၄၇၈၄၉.၈ | ၂၀.၅ | ၉.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၂၅၂၂၃.၈ | ၃.၉ | ၈.၁ | ၁၄၀၂၆၁.၈ | ၃.၈ | ၁၂.၀ |
| | ၃ | ငွေရေးကြေးရေး | ၁၅၂၂၅.၃ | ၀.၅ | ၃၆.၅ | ၁၆၆၉၁.၅ | ၀.၅ | ၉.၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၉၁၁၂၉.၂ | ၂.၉ | ၆.၃ | ၉၄၁၆၄.၂ | ၂.၆ | ၃.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၀၆၁၂၉.၇ | ၃.၃ | ၁၄.၁ | ၁၂၄၃၆၆.၃ | ၃.၄ | ၁၇.၂ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၅၆၂၈၅၀.၃ | ၁၇.၅ | ၁၃.၁ | ၆၄၈၂၈၆.၁ | ၁၇.၈ | ၁၅.၂ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၃၂၁၄၁၂၃.၇** | **၁၀၀.၀** | **၁၄.၆** | **၃၆၄၃၈၄၈.၈** | **၁၀၀.၀** | **၁၃.၄** |

ပူးတွဲ(၅)

## မန္တလေးတိုင်းဒေသကြီး၏
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) (၆) လ စီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၆၂၇၈၆၇.၆** | **၅၀.၆** | **၁၈.၂** | **၁၈၇၂၂၂၉.၁** | **၅၁.၄** | **၁၅.၀** |
| | ၁ | လယ်ယာ | ၃၈၃၄၂၅.၂ | ၁၁.၉ | ၃၂.၃ | ၄၁၅၀၈၅.၅ | ၁၁.၄ | ၈.၃ |
| | ၂ | သားငါး | ၁၅၉၀၄၆.၇ | ၅.၀ | ၈.၅ | ၁၆၉၆၄၉.၀ | ၄.၇ | ၆.၇ |
| | ၃ | သစ်တော | ၁၃၇၄.၄ | ၀.၀၄ | ၄.၉ | ၉၅၈.၅ | ၀.၀၃ | -၃၀.၃ |
| | ၄ | စွမ်းအင် | ၁၀၉.၄ | ၀.၀၀၃ | ၁၅.၈ | ၁၁၃.၄ | ၀.၀၀၃ | ၃.၇ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၄၃၈၉၀.၈ | ၁.၄ | ၃၅.၅ | ၅၇၇၈၀.၃ | ၁.၆ | ၃၁.၆ |
| | ၆ | စက်မှုလက်မှု | ၇၅၂၉၅၃.၉ | ၂၃.၄ | ၁၇.၆ | ၈၇၆၃၄၄.၀ | ၂၄.၁ | ၁၆.၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၀၀၀၆၇.၄ | ၃.၁ | ၈.၉ | ၁၂၁၄၄၅.၈ | ၃.၃ | ၂၁.၄ |
| | ၈ | ဆောက်လုပ်မှု | ၁၈၆၉၉၉.၈ | ၅.၈ | ၇.၀ | ၂၃၀၈၅၂.၆ | ၆.၃ | ၂၃.၅ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၀၂၃၄၀၅.၈** | **၃၁.၉** | **၉.၉** | **၁၁၂၃၃၃.၆** | **၃၀.၈** | **၉.၈** |
| | ၁ | ပို့ဆောင်ရေး | ၆၈၅၆၉၇.၈ | ၂၁.၃ | ၉.၇ | ၇၄၇၈၄၉.၈ | ၂၀.၅ | ၉.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၂၅၂၂၃.၈ | ၃.၉ | ၈.၁ | ၁၄၀၂၆၁.၈ | ၃.၈ | ၁၂.၀ |
| | ၃ | ငွေရေးကြေးရေး | ၁၅၂၂၅.၃ | ၀.၅ | ၃၆.၅ | ၁၆၆၉၁.၅ | ၀.၅ | ၉.၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၉၁၁၂၉.၂ | ၂.၉ | ၆.၃ | ၉၄၁၆၄.၂ | ၂.၆ | ၃.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၀၆၁၂၉.၇ | ၃.၃ | ၁၄.၁ | ၁၂၄၃၆၆.၃ | ၃.၄ | ၁၇.၂ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၅၆၂၈၅၀.၃** | **၁၇.၅** | **၁၃.၁** | **၆၄၈၂၈၆.၁** | **၁၇.၈** | **၁၅.၂** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၃၂၁၄၁၂၃.၇** | **၁၀၀.၀** | **၁၄.၆** | **၃၆၄၃၈၄၈.၈** | **၁၀၀.၀** | **၁၃.၄** |

ပူးတွဲ(၆)

**မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း**

**ခရိုင်အလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်စျေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ခရိုင် | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ စီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | မန္တလေးခရိုင် | ၁၄၂၅၆၁၉.၃ | ၄၄.၄ | ၁၀.၄ | ၁၆၅၁၄၁၇.၂ | ၄၅.၃ | ၁၅.၈ |
| ၂ | ပြင်ဦးလွင်ခရိုင် | ၂၄၂၇၉၀.၇ | ၇.၆ | ၉.၀ | ၂၇၄၀၉၆.၈ | ၇.၆ | ၁၂.၉ |
| ၃ | ကျောက်ဆည်ခရိုင် | ၃၈၆၅၇၈.၂ | ၁၂.၀ | ၉.၆ | ၄၁၆၉၂၁.၂ | ၁၁.၄ | ၇.၈ |
| ၄ | မိတ္ထီလာခရိုင် | ၃၇၈၅၇၉.၉ | ၁၁.၈ | ၁၂.၆ | ၄၁၇၅၁၃.၇ | ၁၁.၅ | ၁၀.၃ |
| ၅ | မြင်းခြံခရိုင် | ၃၃၅၅၇၇.၂ | ၁၀.၄ | ၁၂.၆ | ၄၁၃၂၂၈.၂ | ၁၁.၃ | ၂၃.၁ |
| ၆ | ရမည်းသင်းခရိုင် | ၁၈၄၁၅၀.၉ | ၅.၇ | ၂၄.၂ | ၂၁၉၅၈၂.၇ | ၆.၀ | ၁၉.၂ |
| ၇ | ညောင်ဦးခရိုင် | ၂၆၀၈၂၇.၅ | ၈.၁ | ၆၇.၂ | ၂၅၁၀၈၉ | ၆.၉ | -၃.၇ |
| ၈ | **တိုင်းဒေသကြီးချုပ်** | **၃၂၁၄၁၂၃.၇** | **၁၀၀.၀** | **၁၄.၆** | **၃၆၄၃၈၄၈.၈** | **၁၀၀.၀** | **၁၃.၄** |